# မေတ္တာတရားကို အင်အားစွမ်းပကားအဖြစ်ပြောင်းရလိမ့်မည်

တူမောင်ညို

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် )

မေတ္တာတရားသည် ကျောက်စက်စိမ့်စမ်းရေကဲ့သို့လည်းကောင်း၊ ငွေလရောင်ကဲ့သို့လည်းကောင်း ငြိမ်းချမ်းအေးမြ သည်ကိုမြှုမျှသံသယမရှိပါ။ ကျနော်တို့ပြည်သူများသည် မေတ္တာတရားအေးရိပ်၌ ပျော်ရွှင်ကြည်နူးစွာနေထိုင်လုပ်ကိုင် စားသောက်လိုကြသော လူမျိုးစုံပြည်သူများဖြစ်ပါသည်။

သို့ရာတွင် ငြိမ်းချမ်းသောမေတ္တာတရားကို မိမိတို့ပြည်သူများဘက်က တစ်ဖက်သတ်ထားရှိနေယုံမျှဖြင့် လက်ရှိ ရင်ဆိုင်နေရသောပြဿနာအရပ်ရပ်သည် ပြေလည်သွားမည်မဟုတ်ပါ။

ကျနော်တို့ရင်ဆိုင်နေရသည်မှာ စစ်အာဏာရှင်စနစ်ဖြစ်ပါသည်။

ယခုထိုစစ်အာဏာရှင်စနစ်ကို၊ ကိုယ်စားပြုထားသူ (နအဖ) စစ်အစိုးရက စစ်ဗျူရိုကရေစီယန္တာယားကို အသုံးပြု၍ ဖိနှိပ်အကြမ်းဖက်ရေးခြေလှမ်းများကို တစ်လှမ်းပြီး၊ တထစ်ပြီးတထစ်တက်လှမ်းလာနေခဲ့ပြီဖြစ်သည်။

မေတ္တာတရားနှင့် အကြမ်းဖက်မှုတို့ထိပ်တိုက်တွေ့ကြရပြီ။ လွှဲရှောင်၍မရတော့ပြီ။ ပြည်သူများသွေးမြေကျခဲ့ရပြီ။ တရားဓမ္မရွတ်ဆိုသံ၊ ကြေးစည်သံ၊ ဆည်းလွဲသံတို့ဖြင် ဆွတ်ပြန့်ကြည်နူးဖွယ် ရွှေတိဂုံရင်ပြင်တော်သည် မျက်ရည်ဗုံး၏ မီးခိုးငွေ့များ၊ လုံထိန်းများ၏ ဆဲဆိုအော်ဟစ်သံအမိန့်ပေးသံများ ၊ သေနတ်သံများဖြင့် အကျည်းတန်အရုပ်ဆိုးစေခဲ့ပါပြီ။ သံဃာတော်များ၏ ဦးပြည်းစိမ်းစိမ်းသည် သွေးတို့ဖြင့်ချင်းချင်းနီခဲ့ရပြီ။ ဝါရွှေသောသင်္ကန်းတော်သည် သွေးစွန်းခဲ့ရပြီ။

စစ်အာဏာရှင်စနစ်သည် သူ၏ အကြမ်းဖက်ခြေလှမ်းများကို ရှေ့တစ်လှမ်းပြီးတလှမ်းတိုးလာခဲ့ပြီ။ ထိုနည်းတူပင် ကျနော်တို့ဆရာတော်သံဃာတော်များ၊ ပြည်သူများဘက်ကလည်း နောက်ဆုတ်၍မရတော့ပြီ။ စစ်အာဏာရှင်စနစ်တည်မြဲရေး ဘက်တော်သားများနှင့် စစ်အာရှင်စနစ်ဖျက်သိမ်းရေးအင်အားစုများ ထိပ်တိုက်ရင်ဆိုင်တွေ့ကြရပြီ။

သံဃာ့တပ်ပေါင်းစု က ဆရာတော် အရှင်ဂန္တိရ က အခုလိုမိန့်ကြားလမ်းညွှန်ပါသည်။

"တရားနည်းလမ်းမကျတာတွေကို ကြောက်နေရင် လက်ရှိစနစ်ဆိုးက လွတ်မြောက်နိုင်မှာမဟုတ်ဘူး"

တပည့်တော်အပြည့်အဝထောက်ခံပါသည်အရှင်ဘုရား။

လူမျိုးစုံပြည်သူများက လိုလားတောင့်တနေသည်မှာ စစ်မှန်သောပါတီစုံဒီမိုကရေစနစ်ဖြစ်ပါသည်။ စစ်အာဏာရှင်စနစ်သည် စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်၏ မပြေငြိမ်းနိုင်သည့် အဓိကအတားအဆီးပင်ဖြစ်ပါသည်။ စစ်အာဏာရှင်စနစ်သည် အသွင်သဏ္ဍာန်တစ်ရပ်ရပ်ဖြင့်တည်ရှိနေသမျှ စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ထွန်းသစ်ရန် မည်သို့မျှမဖြစ်နိုင်ပါ။ သို့အတွက် စစ်အာဏာရှင်စနစ်ကို အကုန်အစင်ဖျက်သိမ်းပစ်ရမည်။

ညောင်နှစ်ပင်ညီလာခံ၊ ညောင်နှစ်ပင်ညီလာခံရလဒ် ဆိုသည်များမှာ စစ်အာဏာရှင်စနစ်၏ အခြေခံအုတ်မြစ်များသာဖြစ်ပါသည်။ (နအဖ)စစ်အစိုးရပြောနေသည့် စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ဆိုသည်မှာ စစ်အာဏာရှင်စနစ်၏ လှည့်စားမှုမျက်နှာဖုံးမျှသာဖြစ်ပါသည်။ တကယ့်အနှစ်သာမှာ စစ်အာဏာရှင်စနစ်သာဖြစ်ပါသည်။ သို့ပါ၍ ညောင်နှစ်ပင်ညီလာခံနှင့် ညောင်နှစ်ပင်ညီလာခံ၏ ရလဒ်များ(စစ်အာဏာရှင်စနစ်၏ အခြေခံမူများ)ကို ကျနော်တို့ပြည်သူများ၊ အင်အားစုများအနေဖြင့် (နအဖ)စစ်အစိုးရအလိုကျ ၊ စစ်အစိုးရစိတ်ကြိုက်အစီအစဉ်အတိုင်းပူး ပေါင်းပါဝင်ဆောင်ရွက်ရန်မည်သို့မျှမဖြစ်နိုင်ပါ။ ပြတ်ပြတ်သားသား ဆန့်ကျင့်ပယ်ချကြရန်သာဖြစ်ပါသည်။

ပြည်သူများကတဖွဖွတောင်းဆိုနေသည့် တွေ့ဆုံဆွေးနွေးအဖြေရှာရေးဆိုသည်မှာ စစ်အာဏာရှင်စနစ်နှင့်စေ့စပ်ဆွေးနွေးရန်မဟုတ်ပါ။ စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်တည်ဆောက်ရေးအတွက် (နအဖ)စစ်အစိုးရနှင့်တွေ့ဆုံဆွေးနွေးရန်ဖြစ်ပါသည်။

ယနေ့ တည်ရှိနေသော စစ်အာဏာရှင်စနစ်သည် ၁၉၄၇ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေပါပုဒ်မတစ်ခုကို ပြင်ဆင်၍ တိုင်းပြည်၏ နိုင်ငံရေးစင်မြင့်ပေါ်တက်လာခဲ့ခြင်းဖြစ်ပါသည်။ အိမ်စောင့်အစိုးရ၊ တော်လှန်ရေးကောင်စီ၊ (မဆလ)၊ (နဝတ– နအဖ) စသဖြင့်မည်သို့ပင်အရေခြုံသည်ဖြစ်ပါစေ အရင်းခံဇစ်မြစ်သည် စစ်အာဏာရှင်စနစ်သာဖြစ်ပါသည်။

ယခုလည်း အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းတွင်ထာဝစဉ်ခေါင်းဆောင်မည်ဟု အတင်းအကျပ် အနိုင်ကျင့်နေခြင်းပင်ဖြစ်ပါသည်။ ယင်းကို ကျနော်တို့ပြည်သူများ အင်အားစုများအလျော့ပေး၍မဖြစ်နိုင်ပါ။ နောက်ဆုတ်၍မဖြစ်နိုင်ပါ။ အလျော့ပေးနောက်ဆုတ်လိုက်လျှင် အရှုံးကြီးရှုံးပါလိမ့်မည်။

သို့ပါ၍ ဆရာတော်သံဃာတော်များ၏ ရှေ့ဆောင်မှုဖြင့် အားပြည့်အင်ပြည့်ရှိလာသော လူထုလှုပ်ရှားမှုကြီးကို တတိုင်းတပြည်လုံးကနိုးကြားပါဝင်လာစေရန်ဆောင်ရွက်ကြရပါလိမ့်မည်။ တာဝန်ရှိသော၊ တာဝန်သိသော နိုင်ငံရေးပါတီများ၊ နိုင်ငံရေးအင်အားစုများအနေဖြင့် ကျရာအခန်းပါဝင်ဆောင်ရွက်ရန်လိုအပ်ပါသည်။ ဆရာတော်သံဃာတော်များကို ကျေးဇူးတင်သည်ဆိုလျှင်လက်တွေ့ပါဝင်ရှေ့ဆောင်ခြင်းဖြင့်သာတုန့်ပြန်သင့်ပါသည်။ သို့မှသာ စစ်အာဏာရှင်စနစ်ကို တတိုင်းတပြည်လုံး၏ လူထုအင်အားဖြင့် သူသေငါရှင်ရင်ဆိုင်အနိုင်ယူနိုင်ပါလိမ့်မည်။ အခြားနည်းလမ်းမရှိပါ။

ကျနော်တို့တတိုင်းတပြည်လုံး၏ ယနေ့ကံကြမ္မာ ကို ပြည်သူများကသာဆုံးဖြတ်ပါလိမ့်မည်။ တတိုင်းတပြည်လုံး ပြည်သူများ၏ စည်းလုံးညီညွတ်မှုစွမ်းပကားပေါ်တွင်တည်မှီနေပါသည်။

မှန်ကန်သောဦးတည်ချက်၊ မှန်ကန်သောခေါင်းဆောင်မှု၊ စည်းလုံးညီညွတ်မှု တို့ဖြင့်သာ အောင်ပွဲ၏ သရဖူကိုအရ ယူနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ နိုးကြားထကြွလာသောပြည်သူများကို ထိုသို့မှန်ကန်စွာဦးဆောင်၍လိုရာခရီးသို့ချီတက်သွားရန် လိုအပ်ပါ

သည်။ ပထမလိုအပ်ချက်မှာ လူမှုဘဝနယ်ပယ်အသီးသီးမှ ပြည်သူများ လှုပ်ရှားမှုထဲသို့ အံ့နဲ့ကျင်းနဲ့ ပါဝင်လာရေးပင်ဖြစ်ပါသည်။ အဓိကလိုအပ်ချက်မှာ (နအဖ) စစ်အစိုးရ၏ အုပ်ချုပ်ရေးယန္တယား သွက်ချာပါဒ လိုက်သွားစေရန်သာဖြစ်ပါသည်။

ယခုအချိန်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ဆရာတော်သံဃာတော်များ၊ ပြည်သူများသယ်ဆောင်ခဲ့သော တိုက်ပွဲ၏ တံခွန်ကို ဆက်လက်စွဲကိုင်၍ ပါဝင်ရွေ့ဆောင်ရန် အချိန်အခါကျရောက်နေပါပြီ။ ထိုသို့ပါဝင်ရွေ့ဆောင်ပါရန် ဆရာတော်သံဃာတော်များ၊ ပြည်သူများက လိုလားမျှော်လင့်နေပါသည်။

ထို့အပြင်ပြည်သူများကိုင်စွဲချီတက်ခဲ့သောအောက်ပါကြွေးကြော်သံများသည်ပို၍ကြည်လင်းရှင်းလင်းလာခဲ့ပြီဖြစ်ပါသည်။

– စားဝတ်နေရေးပြေလည်ရေး
– အမျိုးသားပြန်လည်သင့်မြတ်ရေး
– နိုင်ငံရေးအကျဉ်းသားများပြန်လည်လွတ်မြောက်ရေး

တပြိုင်နက်ထဲမှာလည်း အခြားတစ်ဖက်က မေတ္တာတရားနှင့်ငြိမ်းချမ်းစွာတိုက်ပွဲဝင်မှုကို စက်သေနတ်ဖြင့် အကြမ်းဖက်ချေမှုန်းလာသည့်အခါ ရင်ဆိုင်ရမည့်ဘေးအန္တရာယ်ကို တွန်းလှန်ရင်ဆိုင်နိုင်ရန် ဆရာတော်သံဃာတော်များ၊ ပြည်သူများ အသင့်ပြင်ဆင်ထားရန်လိုအပ်လှပါသည်။

မေတ္တာတရားသည် ကျောက်စက်စိမ့်စမ်းရေကဲ့သို့လည်းကောင်း၊ ငွေလရောင်ကဲ့သို့လည်းကောင်း ငြိမ်းချမ်းအေးမြ သည်ကိုမြူမျှသံသယမရှိပါ။

ကျနော်တို့လက်တွေ့ရင်ဆိုင်နေရသည်မှာ ရက်စက်ကြမ်းကျုတ်သော စစ်အာဏာရှင်စနစ်ဖြစ်ပါသည်။

တရား ဓမ္မရွတ်ဆိုသံ၊ ကြေးစည်သံဆည်းလွဲသံတို့ဖြင့် ဆွတ်ပြန့်ကြည်နူးဖွယ် ရွှေတိဂုံရင်ပြင်တော်သည် မျက်ရည်ပုံး၏ မီးခိုးငွေ့များ၊ လုံထိန်းများ၏ ဆဲဆိုအော်ဟစ်သံအမိန့်ပေးသံများ ၊ သေနတ်သံများဖြင့် အကျည်းတန်အရုပ်ဆိုးစေခဲ့ပါပြီ။ သံဃာတော်များ၏ ဦးပြည်းစိမ်းစိမ်းသည်သွေးတို့ဖြင့်ချင်းချင်းနီခဲ့ရပြီ။ ဝါရွှေသောသင်္ကန်းတော်သည် သွေးစွန်းခဲ့ရပြီ။

မေတ္တာတရားကို အင်အားစွမ်းပကားအဖြစ်ပြောင်းရပေလိမ့်မည်။